**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်ရေးလုပ်ငန်းမှ ဂျပန်နိုင်ငံ ODA Loan ချေးငွေအကူအညီဖြင့် တောင်သာမြို့နယ်၊ လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးရေးစီမံကိန်းများအတွက် တင်ပြလာသောပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan)၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

**(Environmental Compliance Certificate-ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ် မေလ ၃၀ ရက်

နောက်ဆက်တွဲ (က)

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဂျပန်နိုင်ငံ ODA Loan ချေးငွေအကူအညီဖြင့် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်တွင် အကောင်အထည် ဖော်ဆောင်ရွက်မည့် တောင်သာမြို့၊ လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးရေးလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဂျပန်နိုင်ငံ ODA Loan ချေးငွေအကူအညီဖြင့် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် တောင်သာမြို့နယ် လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးရေး စီမံကိန်းအတွက် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ၂၁-၉-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ဖ၇၀၄/ ခအဖ (ထွေ) /၂၀၁၆ဖြင့် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးရေး လုပ်ငန်း ဖြစ်ပါသည်။

၃။ **စီမံကိန်း၏ အစိတ်အပိုင်းများ။** အဆိုပြုစီမံကိန်းသည် တောင်သာမြို့နယ်အနီးတွင် ၆၆/၃၃ ကေဗွီ ၃၀ ကေဗွီအေ ဓာတ်အားစက်ရုံတစ်ခု တည်ဆောက်ခြင်းနှင့် ၎င်းခွဲရုံသို့ ပို့လွှတ်မည့်အရှည် (၁၄)မိုင်ရှိသည့် ဓာတ်အားလိုင်းတစ်ခုတည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်း တည်ဆောက်မည် ဖြစ်ပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းများ။** စီမံကိန်းတည်ဆောက်ရေးကာလတွင် တာဝါတိုင် တည်ဆောက်ခြင်း၊ တာဝါတိုင်သွယ်ယူမည့်ယာဉ်များအသုံးပြုခြင်း၊ ဓာတ်အားလိုင်းကြိုးများ သွယ်တန်းခြင်း၊ စိုက်ပျိုးမြေများနှင့် သစ်တောမြေများတစ်လျှောက်တွင် ချဉ်းကပ်လမ်းများ ဖောက် လုပ်ခြင်း၊ သွယ်တန်းမည့် ဓာတ်အားလိုင်းတစ်လျှောက်တွင် ယာယီတဲများ၊ ရုံးများ၊ အိမ်သာများ တည်ဆောက်မည်ဖြစ်သည်။

၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်တွင် တည်ရှိပါသည်။

